
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

## ရှင်ဘုရင်နောက်တစ်ပါးကို ရွေးချယ်ပြီးပြီ 4.04

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ဓမ္မရာဇဝင်ပဌမစောင် ၁၅၊ ၁၆

ရှမွေလဟာ ဣသရေလလူမျိုးတွေရဲ့တရားသူကြီးအဖြစ် နှစ်ပေါင်းများစွာလုပ်လာခဲ့တယ်။ နောက်တော့ လူတွေက သူတို့ကို အုပ်ချုပ် တဲ့ တရားသူကြီးအစား ရှင်ဘုရင်တစ်ပါးကို လိုချင်ကြတယ်။ ဘုရားသခင်က ရှမွေလကို ရှောလုဆိုတဲ့လူကို ပြတယ်။ ရှောလုဟာ ဣသရေလရဲ့ ပထမဆုံးရှင်ဘုရင်ဖြစ်လာတယ်။

ရှောလုဟာ ဣသရေလရဲ့မြေယာတွေအတွက် တိုက်ပွဲပေါင်းများစွာ အောင်ပွဲနိုင်ခဲ့ပေမယ့်လည်း ရှောလုဟာ ရှင်ဘုရင်ကောင်းတစ်ပါး မဟုတ်ခဲ့ဘူး။ သူဟာ ဘုရားသခင်ကို နာမခံခဲ့ဘူး။ သူဟာ ဘုရားသခင်လုပ်ခိုင်းတဲ့အရာတစ်ချို့ကို လုပ်ပေမယ့် တစ်ခါတစ်လေမှာ ရှောလုလုပ်ချင်တဲ့အရာပဲ လုပ်ခဲ့တယ်။ ဘုရားသခင်က ရှမွေလကို “ငါသည် ရှောလုကို ဣသရေလ၏ရှင်ဘုရင်အရာ၌ ခန့်ထားသောအမှု ကြောင့် နောင်တရ၏။ သူသည် ငါ့ပညတ်တို့ကိုမကျင့် ငါ့နောက်သို့မလိုက်၊ လမ်းလွှဲပြီ” လို့ မိန့်တော်မူတယ်။

ရှမွေလက ဘုရားသခင်ဆီကလာတဲ့ စကားသံကို ရှောလမုန်ကို ပြန်ပြောပြတယ်။ “ထာဝရအရှင်ဘုရားသခင်သည် သင့်ကို ဣသရေလ၏ရှင်ဘုရင်အရာမှ ပယ်တော်မူပြီ။ ထာဝရအရှင်ဘုရားသခင်သည် ဣသရေလနိုင်ငံတော်ကို သင့်ထံမှ သိမ်းယူ၍ အခြားသူအား ပေးခဲ့ လေပြီ။” ရှမွေလဟာ ရှောလုကို နောက်ဘယ်တော့မှ မတွေ့တော့ဘူး။

ဘုရားသခင်က ရှမွေလကို ဗက်လင်မြို့က ယေရှဲလို့ခေါ်တဲ့လူဆီသွားခိုင်းတယ်။ “သူ၏သားတစ်ဦးကို နောက်ရှင်ဘုရင်အဖြစ် ရွေးချယ် တော်မူပြီ။” လို့ ဘုရားရှင်က ပြောတယ်။ ရှမွေလဟာ ယဇ်ပူဇော်ဖို့ တိရစ္ဆာန်တစ်ကောင်ယူသွားပြီး ဘုရားရှင်က ယေရှဲကို အတူသွားဖို့ ခေါ်ခိုင်းတယ်။ “သူ၏သားထဲက ငါရွေးချယ်သောသူကို သင့်အားငါပြမည်။” လို့ ဘုရားသခင်ပြောတယ်။

ဘုရားရှင်ခိုင်းသလို ရှမွေလလုပ်ခဲ့တယ်။ သူဟာ ဗက်သလင်မြို့ကို သွားပြီး မြို့ကသက်ကြီးသူခေါင်းဆောင်တွေကို သူနဲ့အတူသွားပြီး ယဇ်ပူဇော်ဖို့ ပြောတယ်။ ယေရှနဲ့သူ့ရဲ့သားတွေကိုလည်း အဲမှာရှိနေဖို့ပြောတယ်။

ယေရှဲမှာ သားရှစ်ယောက်ရှိတယ်။ သူတို့အားလုံးရောက်လာတဲ့အချိန်မှာ ရှမွေလက ဧလျာဘလို့ခေါ်တဲ့သားကိုကြည့်ပြီး “စင်စစ် ထာဝရ ဘုရားသည် သူ့ကိုရွေးချယ်တော်မူပြီ။” လို့ ရှမွေလပြောတယ်။ ထာဝရဘုရားသခင်က “သူသည်အရပ်ရှည်၍ အရုပ်အဆင်းလှသော ကြောင့် ဤသူဖြစ်သည်ဟုမထင်နှင့်။ ထာဝရဘုရားသည် သင်မြင်သည့်အတိုင်းမမြင်၊ လူသည် အပြင်ပန်းသဏ္ဍာန်ကို ကြည့်ရှု၏။ ထာဝရဘုရားမူကား နှလုံးသားကိုကြည့်၏။” လို့ ပြန်ဖြေတယ်။

နောက်တော့ ယေရှဲသားအဘိနဒပ်လာတော့ ရှမွေလက “ဤသူမဟုတ်” လို့ဆိုတယ်။ နောက်တော့ ရှိမာဆိုတဲ့သားလာတယ်။ “ဤသား လည်းမဟုတ်” လို့ ရှမွေလပြောတယ်။ နောက်ထပ် သားလေးယောက် ရှမွေလဆီကိုလာတယ်။ ဒါပေမယ့် တစ်ယောက်မှ ဘုရားသခင် ရွေးချယ်ထားတဲ့သူမဟုတ်ဘူး။ “သင်၏သားမရှိပြီလော?” လို့ ရှမွေလမေးတယ်။ ယေရှဲက “အငယ်ဆုံးသောသား ရှိပါသေး၏။ သိုးတို့ကို ထိန်းကျောင်းလျက်နေပါသည်။” လို့ ပြန်ပြောတယ်။ “သူ့ကို ခေါ်စေခြင်းငှာ လူကိုစေလွှတ်ပါ” လို့ ရှမွေလပြောတယ်။

ယေရှဲက သူ့သားအငယ်ဆုံးဒါဝိဒ်ကို စေလွှတ်ခဲ့တယ်။ ဒါဝိဒ်မှာ တောက်ပတဲ့မျက်လုံး၊ ကျန်းမာပြီးလှတဲ့အဆင်းရှိတယ်။ ဘုရားသခင်က ရှမွေလကို “ဤသူပေတည်း။ သူ၏ခေါင်းပေါ်မှာ ဆီကိုလောင်း၍ ကောင်းကြီးပေးလော့။” လို့ ပြောတယ်။ ရှမွေလက ထာဝရအရှင် ဘုရားသခင်ကို နာခံတယ်။ ချက်ချင်းပဲ ထာဝရဘုရားရဲ့ဝိညာဥ်တော်က ဒါဝိဒ်အပေါ်မှာ တန်ခိုးနဲ့ဆင်းသက်လာတယ်။ ဘုရားသခင်ရဲ့ တန်ခိုးက သူနဲ့အတူရှိတယ်လို့ အဓိပ္ပါယ်ရတယ်။

နောက်တော့ ထာဝရဘုရားရဲ့ဝိညာဥ်က ရှင်ဘုရင်ရှောလုကို ထွက်ခွါသွားတယ်။ ရှင်ဘုရင်အသစ်ဖြစ်တဲ့ ဒါဝိဒ်ကို ရွေးချယ်ပြီးပြီဖြစ်တယ်။ ဒါပေမယ့် ဣသရေလလူမျိုးတွေရဲ့ရှင်ဘုရင်အဖြစ် ဒါဝိဒ်ကို မြင်ရဖို့ အချိန်နည်းနည်းကြာဦးမှာဖြစ်တယ်။ သူ့အတွက် ပထမဦးဆုံး သူလုပ်ရမယ့်အလုပ်တွေကို ဘုရားသခင်က ပြင်ဆင်ထားပြီးပြီဖြစ်တယ်။

## ရှင်ဘုရင်နောက်တစ်ပါးကို ရွေးချယ်ပြီးပြီ - ဆရာလမ်းညွှန် 4.04

## ဓမ္မရာဇဝင်ပဌမစောင် ၁၅၊ ၁၆

အဓိကအချက်များ

1) ဣသရေလရဲ့ပထမဆုံးရှင်ဘုရင်အဖြစ် ရှောလုရွေးချယ်ခံရတယ်။ သူဟာနာခံတတ်တဲ့ဘုရင်မဟုတ်ဘူး။ ဘုရားသခင်က ရှောလု ကိုရှင်ဘုရင်ဖြစ်စေတာကို နောင်တရတယ်လို့ ရှမွေလကို ပြောတယ်။

2) ဘုရားသခင်က ဗက်သလင်မြို့က ယေရှဲလို့ခေါ်တဲ့လူဆီ ရှမွေလကို သွားခိုင်းတယ်။ ယေရှဲမှာ သားရှစ်ယောက်ရှိတယ်။ ဘုရားသခင်က သားတွေထဲကတစ်ယောက်ကို နောက်ရှင်ဘုရင်တစ်ပါးဖြစ်လာဖို့အတွက် ရွေးဖို့ ရှမွေလကိုပြောတယ်။

3) ရှမွေလက ယဇ်ပူဇော်ဖို့အတွက် တိရစ္ဆာန်တစ်ကောင်ကိုယူသွားတယ်။ သူက ယေရှဲနဲ့သူ့သားတွေ၊ မြို့ထဲကသက်ကြီးသူ ခေါင်းဆောင်တွေကိုလည်း သူနဲ့အတူ ယဇ်ပူဇော်ဖို့ ဖိတ်လိုက်တယ်။

4) ရှမွေလက ယေရှဲရဲ့သား ခုနစ်ယောက်ကိုကြည့်တယ်။ ဒါပေမယ့် ဘုရားသခင်က အဲဒီသားတွေတစ်ယောက်ကိုမှ ရွေးချယ်ထားတာ မဟုတ်ဘူးလို့ ရှမွေလကိုပြောတယ်။ ယေရှဲက စားကျက်ကွင်းမှာ သိုးတွေထိန်းနေတဲ့သားတစ်ယောက်ရှိသေးတယ်လို့ပြောတယ်။ အဲဒီသားနာမည်က ဒါဝိဒ်ဖြစ်တယ်။ ဒါဝိဒ်ဟာ စားကျက်ကွင်းကနေပြန်လာတဲ့အချိန်မှာ ဘုရားသခင်က ဒီလူဟာ နောက်ဘုရင် တစ်ပါး ဖြစ်လာဖို့ရွေးချယ်ထားတဲ့လူလို့ ရှမွေလကိုပြောတယ်။

5) ထာဝရဘုရားရဲ့သန့်ရှင်းသောဝိညာဉ်တော် လက္ခဏာတစ်ခုဖြစ်တဲ့ ဆီကို ရှမွေလက ဒါဝိဒ်ခေါင်းပေါ်မှာ ဘုရားသခင်ပြောသလို လောင်းလိုက်တယ်။ နောက်တော့ သန့်ရှင်းသောဝိညာဉ်တော်က ဒါဝိဒ်အပေါ်မှာဆင်းသက်တယ်။ ထာဝရဘုရားရဲ့တန်ခိုးက သူနဲ့ အတူရှိတယ်လို့ အဓိပ္ပါယ်ရတယ်။ ဒါဝိဒ်အပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်တဲ့အချိန်မှာ သန့်ရှင်းသောဝိညာဉ်တော် က ရှောလုဆီကနေ ထွက်ခွာသွားပြီဖြစ်တယ်။

မေးခွန်းများ

1) ဘုရားသခင်က ဘာလို့ ရှင်ဘုရင်နောက်တစ်ပါးကို ရွေးချင်တာလဲ?
2) ဘုရားသခင်က ရှမွေလကို ဘယ်သူ့ကိုသွားရှာခိုင်းတာလဲ?
3) ယေရှဲမှာ သားဘယ်နှစ်ယောက်ရှိလဲ?
4) ဘယ်သားက စားကျက်ကွင်းမှာအလုပ်လုပ်နေတာလဲ?
5) သန့်ရှင်းသောဝိညာဉ်တော်က ဒါဝိဒ်အပေါ်ဆင်းသက်တယ်ဆိုတာက ဘာကိုဆိုလိုတာလဲ?

အဖြေများ

1) ရှောလုဟာ နာခံမှုမရှိတဲ့အတွက် ဘုရားသခင်က နောက်ရှင်ဘုရင်တစ်ပါးကိုလိုချင်တာဖြစ်တယ်။
2) ဘုရားသခင်က ရှောလမုန်ကို ယေရှဲလို့ခေါ်တဲ့လူရှာခိုင်းတယ်။
3) ယေရှဲမှာ သားရှစ်ယောက်ရှိတယ်။
4) ယေရှဲသား ဒါဝိဒ်ဟာ စားကျက်ကွင်းမှာ အလုပ်လုပ်နေတယ်။
5) သန့်ရှင်းသောဝိညာဉ်တော်က ဒါဝိဒ်အပေါ်ဆင်းသက်တယ်ဆိုတာက ဘုရားသခင်ရဲ့တန်ခိုးက သူနဲ့အတူရှိတယ်လို့ ဆိုလိုတာဖြစ် တယ်။


Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org